

# COVID-19(ကိုရိုနာဗိုင်းရပ်စ်-၁၉)

## ၎င်းရောဂါပိုးသည် မည်သို့ ပြန့်ပွား နိုင်သနည်း။

**ကိုရိုနာ ဗိုင်းရပ်စပ် သည် ရောဂါပိုး ကူးစက်ခံထားရ သူ တစ်ဦး မှ အခြားတစ်ဦး ထံသို့ ပုံမှန်အားဖြင့် အောက်ပါ နည်းလမ်း အတိုင်း ကူးစက်နိုင်ပါသည်။**

- ချောင်းဆိုးခြင်း နှင့် နှာချေ ခြင်း မှ တဆင့် လေထဲ သို့ ရောက်ရှိသွား သည့် အသက်ရှူ လမ်းကြောင်း အတွင်း မှ အမှုန် အစက် များ။
- ထိတွေ့ခြင်း သို့မဟုတ် လက်ဆွဲ နှုတ်ဆက်ခြင်း ကဲ့သို့ နီးနီး ကပ်ကပ် လူအချင်းချင်း ထိတွေ့မှုများ။
- ဗိုင်းရပ်စ် ပိုး ရှိနေသော အရာဝတ္ထု သို့မဟုတ် မျက်နှာပြင် တစ်ခု နှင့် ထိတွေ့ပြီးနောက် မသန့်စင်သော လက်ဖြင့် မိမိ၏ ပါးစပ်၊ နှာခေါင်း၊ သို့မဟုတ် မျက်လုံးများအား ထိတွေ့ ခြင်းများ။

## ရောဂါ လက္ခဏာများ

**ရောဂါ ကူးစက်ခံထားရသည် ဟု အတည်ပြုထားသော လူနာများတွင် အောက်ပါ လက္ခဏာ များ ပါဝင်သည့် အသက်ရှူ လမ်းကြောင်း ဆိုင်ရာ ရောဂါ ခံစားမှု အပျော့စား မှ စ၍ အပြင်းစား အထိ ဖြစ်နိုင်ပါသည်။**

- အဖျားတက်ခြင်း
- ချောင်းဆိုးခြင်း
- အသက်ရှူရ ခက်ခြင်း

သင်သည် အထက်ပါ ရောဂါလက္ခဏာ များ ခံစားနေရပါက မိမိ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ(ဆေးခန်း၊ ဆရာဝန်) အား ဆက်သွယ်ပါ။
မည်သည့် ရောဂါ မဆို ပြန့်ပွားမှု ကို ကာကွယ်ရန် သင့် ဆရာဝန်၏ ရုံးခန်း သို့မဟုတ် အရေးပေါ် ဌာန သို့ မသွားရောက်မီ ကြိုတင်၍ ဖုန်းခေါ်ဆိုပါ။

## ကြိုတင် ကာကွယ်ခြင်း

**ရောဂါ ကူးစက်မှု ကို တားစီး နိုင်မည့် အကောင်းဆုံး နည်းမှာ ဤဗိုင်းရပ်စ် နှင့် ထိတွေ့ခြင်း ကို ရှောင်ရှား နိုင်ရန် ကြိုတင် ကာကွယ်မှု များ ယူခြင်း၊ ယင်း မှာ တုပ်ကွေးရောဂါ ရှောင်ရှား နိုင်ရန် အလားတူ ကြိုတင် ကာကွယ်မှု ပင် ဖြစ်ပါသည်။**

- သင့်လက်များ ကို အနည်းဆုံး စက္ကန့် ၂၀ ခန့် ကြာအောင် ဆပ်ပြာ၊ ရေ တို့ ဖြင့် မကြာခဏ ဆေးပါ။ ဆပ်ပြာ နှင့် ရေ မရနိုင်ပါက အယ်လ်ကိုဟော(အရက်ပြန်) ပါဝင်သည့် လက်ပိုးသန့်စင် ဆေးရည် ကို အသုံးပြုပါ။
- မိမိ၏ မျက်လုံး၊ နှာခေါင်း နှင့် ပါးစပ် တို့ကို မဆေးကြောထားသော လက်များဖြင့် ထိတွေ့ခြင်း အား ရှောင်ရှားပါ။
- နာမကျန်း ဖြစ်နေသူများ နှင့် နီးနီးကပ်ကပ် ထိတွေ့ခြင်း အား ရှောင်ရှားပါ။
- မိမိ ကိုယ်တိုင် နေမကောင်း ဖြစ်နေပါက အိမ်တွင် နေပါ။
- တစ်ရှူး တစ်ခု ဖြင့် အုပ်၍ ချောင်းဆိုး၊ နှာချေ ပါ။ ပြီးလျှင် ထို တစ်ရှူး အား အမှိုက်ပုံး ထဲသို့ စွန့်ပစ်ပါ။
- မကြာခဏ ထိတွေ့လေ့ ရှိသော အရာဝတ္ထု များ၊ မျက်နှာ ပြင်များ အား သန့်စင်၍ ပိုးသတ်ပါ။

ပိုမို သိရှိလိုပါက ကျေးဇူးပြု၍ ဝင်ရောက် ကြည့်ရှုပါ။

www.nkyhealth.org

NKYHEALTH
NORTHERN KENTUCKY HEALTH DEPARTMENT